# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၃. ၇. ၂၀၁၆) ရက်နေ့တွင် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၇)ဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ "တောင်သူလယ်သမား များမှ စိုက်ပျိုးထားသော လယ်ယာထွက် သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းစိန်လူက အဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကျွန်တော်တင်သွင်းမည့် အဆိုကတော့ **"တောင်သူလယ်သမားများမှ စိုက်ပျိုးထားသော လယ်ယာထွက် သီးနှံများကို လွတ်လပ်သော ဈေးကွက် စီးပွားရေး စနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်သည် လူဦးရေ ၅ သန်းကျော်ရှိသည့်အနက် ၈၀%သည် တောင်သူ လယ်သမားများဖြစ်ကြပါတယ်။ ထို့ကြောင့် တောင်သူလယ်သမား များသည် မိမိခြံမှ စိုက်ပျိုးထားသော သီးနှံများကို လွတ်လပ်သော ဈေးကွက်ပိုင်ဆိုင်နိုင်ရေး၊ လက်ဝါးကြီးအုပ် ဈေးကွက်စနစ် လွတ်ကင်းရေးနှင့် အမှီအခိုကင်းရှင်းပြီး လွတ်လပ်သော ဈေးကွက်စနစ်ကို ပိုင်ဆိုင်သည့် ထိုက်သင့်သည့် ကောင်းမွန်သော ဈေးရရှိရေးအတွက် ဖော်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်သည် နယ်စပ်ဒေသ ကုန်သွယ်ရေးကိစ္စများနှင့် ထိစပ်မှု အများဆုံး ပြည်နယ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှ လယ်ယာထွက်သီးနှံများဖြစ်သည့် ဆန်စပါး၊ ကြံ၊ ပဲ၊ ပြောင်းနှင့် အခြားပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေးဂိတ် မူဆယ် ၁၀၅ မိုင် ဂိတ်တွင်သာ အားကိုးနေရပါတယ်။ နယ်စပ် ကုန်သွယ်ရေးဂိတ် ၁၀၅ မိုင်မှ ပြည်ပတရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ဆန်၊ ပြောင်းနှင့် အခြားကုန်ပစ္စည်း များကိုလည်း မိမိအတွက် ဈေးနှုန်းမသတ်မှတ်နိုင်ပါ။ တစ်ဘက်နိုင်ငံ ကုန်သည် များ၏ ကြိုက် ဈေးအတိုင်းသာ ရောင်းနေရပါတယ်။ မရောင်းပေးပါက ပြည်တွင်းလယ်ယာထွက်သီးနှံဈေးကွက်မရှိပါ။ ထို့ကြောင့် လိုအပ်ချက် အရ မဖြစ်စလောက်ဈေးနှုန်းဖြင့်သာ ရောင်းနေရပါတယ်။ထို့အပြင် ပြည်တွင်းမှပြောင်းကုန်သည်များကိုလည်း တစ်ဘက်နိုင်ငံကုန်သည်များ၏ လိမ်လည်လှည့်ဖြားမှု များကို ခံရသေးပါတယ်။ ယခုချိန်အထိ ငွေကြေးသိန်း ပေါင်း သောင်းချီ၍ ကုန်ပစ္စည်းဖိုးရရှိနိုင်ခြင်းမရှိသေးပါ။ ၎င်းဖြစ်စဉ်ကို ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်း လယ်ယာထွက်သီးနှံဈေးကွက် ဖန်တီးပေးပါရန် တင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများသည် အရည်အသွေးပြည့်မီသော ဓာတ်မြေသြဇာသုံးစွဲနိုင်ရေးအတွက် မိမိတို့ ရှမ်းပြည်နယ်အတွင်း ဓာတ်မြေသြဇာစက်ရုံ ထူထောင်နိုင်ရန် နိုင်ငံခြားနှင့် ပြည်တွင်းလုပ်ငန်းရှင်များ အသိပညာ၊ အတတ်ပညာရှင်များအား ဖိတ်ခေါ်၍ တည်ဆောက်ရန် လိုအပ်ပါတယ်။ ပိုးသတ်ဆေး၊ မြက်သတ်ဆေးနှင့် အခြားလယ်ယာသုံးဓာတု ဆေးရည်များကိုလည်း အလားတူပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ အများစုသည် မိမိလယ်ယာအတွင်း အသုံးပြုရန် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မြက်သတ်ဆေး၊ ပေါင်းရှင်းဆေးစသည့် ဓာတုပစ္စည်းများသည် လည်း တစ်ဘက်နိုင်ငံမှ ပစ္စည်းများကိုသာ မှီခိုနေရပါတယ်။ ဓာတ်မြေသြဇာသည်လည်း အရည်အသွေး

ပြည့်မီခြင်း ရှိ/မရှိ၊ ဓာတု ဆေးရည်သည်လည်း မိမိမြေဆီလွှာနှင့် ကိုက်ညီမှုရှိ/ မရှိ သိရှိ နိုင်မှုမရှိပါ။ မျက်ကန်းတစ္ဆေမကြောက်သလို မှန်းပြီးသုံးနေရ ပါတယ်။ တစ်ဘက်နိုင်ငံမှ ပစ္စည်းသွားဝယ်ရာတွင်လည်း သူတို့၏ သတ်မှတ်သည့် ဈေးနှုန်းအတိုင်းသာ ပေးဝယ်နေရပါတယ်။ သို့ဖြစ်ပါ၍ မိမိ၏ ဒေသထွက်ကုန် ဖြစ်သော်လည်း မိမိတို့ဈေးနှုန်း သတ်မှတ်နိုင်ခွင့်မရှိပါ။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူ လူထုအကျိုး စီးပွားနည်းပြီး တစ်ဘက်စောင်းနင်း ကုန်သွယ်မှုစနစ် ဖြစ်နေပါသဖြင့် ဤပြဿနာကိုဖြေရှင်းနိုင်ရန် ပြည်ထောင်စု အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရသည် နိုင်ငံခြားမှ လယ်ယာထွက်ကုန် ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်းရှင်များကိုဖိတ်ခေါ်ပြီး ပြည်တွင်း ဈေးကွက်ဖန်တီးပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းတင်ပြရင်း အဆိုကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ရိုသေလေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ဆန္ဒပြုလိုက်ရပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ဦးစိုင်းစိန်လူ၏ တောင်သူလယ်သမားများမှ စိုက်ပျိုးထားသော လယ်ယာထွက်သီးနှံ များကို လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ဖော်ဆောင်ပေးနိုင်ရန် တိုက်တွန်းကြောင်း အဆိုကို ပြည့်ပြည့် ဝဝထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ သို့မဟုတ် အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးစိုင်းစိန်လူ တင်သွင်းသည့် အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ သွားပါတယ်။ အဆိုမှာ “တောင်သူလယ်သမားများမှ စိုက်ပျိုးထားသော လယ်ယာ ထွက်သီးနှံများကို လွတ်လပ် သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း” အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘော တူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူသည့်ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဦးစိုင်းစိန်လူ၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသည့်အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် ကြာသပတေးနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြား ရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ (၁၄. ၇. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ တောင်သူလယ်သမားများမှ စိုက်ပျိုးသောလယ်ယာထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက် စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်းအဆိုဖြစ်ပါ တယ်။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းကျော်သိန်းက ဆွေးနွေးဖို့ဖစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဖြစ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသည့် တောင်သူလယ်သမားများ စိုက်ပျိုးသော လယ်ယာ ထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်သည် စိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်မှု အားကောင်းသော ပြည်နယ်ဖြစ်ပါတယ်။ ပြည်နယ်အတွင်း နေထိုင်သူများ၏ ၇၀% ကျော်သည် တောင်သူများဖြစ်ကြပါတယ်။ တောင်သူများသည် ကျွန်တော်တို့၏ ကျေးဇူးရှင်ဆိုလည်း မမှားပါဘူး။ တောင်သူများ၏ အခက်အခဲသည်လည်း ကျွန်တော်တို့၏ အခက်အခဲပင် ဖြစ်ပါတယ်။ တောင်သူများမှ စိုက်ပျိုး၍ ထွက်ရှိလာသော လယ်ယာထွက်သီးနှံဈေးကွက်ရရှိရေးသည် အရေးကြီးပါတယ်။ လွတ်လပ်သော ဈေးကွက်ဖော်ဆောင်ရေး နှင့်ပတ်သက်၍ အချက် (၂)ချက်တင်ပြ ဆွေးနွေးသွားမှာဖြစ် ပါတယ်။

နံပါတ် (၁) အချက် ပြည်တွင်း၌ လွတ်လပ်သော ဈေးကွက် စီးပွားရေးစနစ်ဖော်ဆောင်ပေးရေး၊ တောင်သူများသည်သီးနှံ စိုက်ပျိုး ရာ၌ မျိုးစေ့၊သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ လုပ်သားစရိတ် စသည်ဖြင့် အသီးသီးရင်းနှီးမြှုပ်နှံကြပါတယ်။ ၎င်းစရိတ်များသာ တောင်သူများတတ်နိုင်ပါက ၎င်းတို့လယ်ယာမှ ထွက်သောသီးနှံများကို လွတ်လပ်စွာရောင်းချနိုင်မှာဖြစ်ပါတယ်။ သို့သော် တောင်သူအများစုမှာ ၎င်းစရိတ်များကို မတတ်နိုင်ကြ သဖြင့် ငွေရှင် များထံမှ ကတိဖြင့် ငွေချေးငှားပြီး လုပ်ကိုင်ဆောင်ရွက် ကြတာကိုတွေ့ရပါတယ်။ သီးနှံပေါ်ချိန်၌ တောင်သူများ ပေးထားသည့် ကတိအတိုင်း ငွေရှင်များထံသို့ ၎င်းတို့ သတ်မှတ်သော ဈေးနှုန်းဖြင့်သာ ရောင်းချရသောကြောင့် တောင်သူများအနေဖြင့် ထိုက်သင့်သော အကျိုး အမြတ်မရရှိပဲ ငွေရှင်များသာ အကျိုးဖြစ်ထွန်းလာတာကို တွေ့ရပါတယ်။ အကယ်၍ အစိုးရကသာ တောင်သူများအား လက်ရှိ ပံ့ပိုးသော စိုက်ပျိုးစရိတ်ထက် ပိုမို ပံ့ပိုးပေးနိုင်မည်ဆိုပါက တောင်သူများသည် ငွေရှင်များကို အားကိုးစရာမလိုတော့ပဲ မိမိ၏သီးနှံကို ကြိုက်ဈေးဖြင့် ရောင်းချနိုင်မည် ဖြစ်သောကြောင့် လွတ်လပ်သောဈေးကွက်ကို ဖော်ဆောင်ပေး သကဲ့သို့ ကူညီရာရောက်ပါတယ်။

နံပါတ်(၂) အချက်အနေဖြင့် ပြည်ပသို့ တင်ပို့ရာ၌ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ မြန်မာနိုင်ငံမှ ပိုလျှံသောလယ်ယာ ထွက်သီးနှံ များကို နိုင်ငံခြားသို့တင်ပို့ရာ၌ နယ်စပ် ကုန်သွယ်မှုများ ပါဝင်ပါတယ်။ နယ်စပ်ကုန်သွယ်မှုမှာ မိမိမြန်မာနိုင်ငံသား တောင်သူများ၊ တောင်သူ လုပ်ငန်းရှင်များ၊ ဈေးကွက်အရ နစ်နာ ဆုံးရှုံးမှုရှိနေတာကိုလည်း ကြားသိနေရပါတယ်။ ဒါကြောင့် အစိုးရ အနေဖြင့် တောင်သူများအတွက် ဈေးကွက် ရှာဖွေပြီး အစိုးရနှင့် တောင်သူလုပ်ငန်းရှင်များ ပူးပေါင်းပြီး စီးပွားရေး ဈေးကွက်ကို စနစ်တကျပီပြင်ပြင်

ဖော်ဆောင်ပေးဖို့လိုတယ်ဆိုတာကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ ဒါကြောင့်သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူမှ တင်သွင်းသည့်တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများကို လွတ်လပ်သောဈေးကွက်စီးပွားရေး စနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ မောက်မယ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦး ဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ကိုယ်စားလှယ် ဦးစိုင်းစိန်လူတင်သွင်းသော တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများ လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းသော အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စိုက်ပျိုးသူတောင်သူလယ်သမားများ လွတ်လပ်သောဈေးကွက်နိမ့်ကျမှုကြောင့် လယ်ယာမြေများ ရှိသော်လည်း စိုက်ပျိုးရန် စိုက်ပျိုးစရိတ်များကို လုပ်ငန်းရှင် ကုန်သည်များထံချေးငှား၍လည်းကောင်း၊ အတိုးဖြင့်လည်းကောင်း၊ ချေးယူရင်းနှီးလုပ်ကိုင်ရသောကြောင့် ရရှိလာသော လယ်ယာထွက်သီးနှံများကို ချေးငှားငွေ၊ အတိုးငွေများ အတိုးပေါ် အတိုးမဆင့်ရန် ငွေရှင်ကုန်သည်များ ပေးသည့်နှုန်းဖြင့်သာ ရောင်းနေရသည့်အတွက် စိုက်ပျိုးသူ၊ တောင်သူလယ်သမားများ နစ်နာနေပြီး ငွေရှင်ကုန်သည် များသာ အကျိုးခံစားနေရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရှင်။ ထို့အတူနည်းပညာများ အရည်အသွေးမီ ဓာတ်မြေသြဇာ သုံးစွဲနိုင်ခြင်း မရှိသည့်အတွက် စိုက်ပျိုးမြေဆီလွှာများ ခန်းခြောက်ပျက်စီးခြင်းမှာလည်း စိုးရိမ်စရာ ဖြစ်နေပါတယ်။ ထို့ကြောင့်လယ်ယာထွက်သီးနှံများဝယ်ယူ ရောင်းချရန် နိုင်ငံတကာဈေးကွက်ကို ပြည်တွင်းတွင် ဖော်ဆောင်နိုင်ခဲ့ပါလျှင် တောင်သူလယ်သမားများ၏ စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အဘက်ဘက်မှ တိုးတက် မြင့်မား အဆင်ပြေသည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ထို့ကြောင့်သိန္နီ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၏ တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက် သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ဖော်ဆောင် ပေးရန် တိုက်တွန်းသော အဆိုကို လေးလေးနက်နက်ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းယန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးတင်ဝင်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံးမင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသည့် တောင်သူလယ်သမားများ စိုက်ပျိုးသော လယ်ယာ ထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းသော အဆိုအားထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းခတ် စသည့် မြို့များမှာ တောင်သူလယ်သမားများသည် ဆန်စပါး၊ ပြောင်းဖူး၊ ပဲပုတ်၊ ဖရဲသီး၊ ကြက်သွန်ဖြူများကို မိုင်းလားမြို့မှတစ်ဆင့် တရုတ် နိုင်ငံသို့ တင်ပို့ရောင်းချရသည့်အတွက် တောင်သူလယ်သမားများ အထိုက်အလျောက်ပြေလည်ခဲ့ကြပါတယ်။ ယခု အခါတွင် တရုတ်နိုင်ငံမှာလည်း ဝယ်ယူမှုနည်းလာပြီး တောင်သူ လယ်သမားများ လယ်ယာထွက်သီးနှံများရောင်းမရ၍ ဈေးကွက် အထူးလိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံတောင်သူလယ်သမားများအတွက် နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ပေးရန် လိုသည့်အတွက် သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်လူ တင်သွင်းသော အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်၊စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံ ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၏ အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ တစ်နိုင်ငံလုံး လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်အဖြစ် ဖော်ဆောင်ပေးပြီးဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်အရ ဒေသတစ်ခုနှင့်တစ်ခု လွတ်လပ်စွာ လယ်ယာထုတ်ကုန်များ လွတ်လပ်စွာ ဝယ်ယူရောင်းချရာတွင် ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ချင်း စသည့် လယ်ယာထွက်ကုန်ဈေးနှုန်းများကိုလည်း ဒေသအသီးသီးများတွင် ဖွင့်လှစ်ထားသည့် တောင်ကြီးကုန်စည်ဒိုင်၊ အောင်ပန်းကုန်စည်ဒိုင်၊ လဲချားကုန်စည်ဒိုင်၊ မူဆယ်ကုန်စည်ဒိုင်များတွင်ကြော်ငြာ၍ ရောင်းဝယ်လျက်ရှိပါတယ်။ ဒေသပိုလျှံသီးနှံများကို ကျယ်ကျယ် ပြန့်ပြန့် ရောင်းချနိုင်ရန်အတွက်လည်း စီးပွားရေးသံမှူးများကို အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ စင်္ကာပူ၊ ကိုးရီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများတွင် ခန့်ထားပြီး ဈေးကွက်ရှာဖွေမှုများကို ပြုလုပ်လျက်ရှိပါတယ်။

ဈေးကွက်ဈေးနှုန်း သတင်းအချက်အလက်များကို တိုင်းဒေသကြီး/ပြည်နယ်များမှ နေ့စဉ်သတင်း ရယူလျက်ရှိပြီး အဆိုပါ သတင်းအချက်အလက်များကို အပတ်စဉ်ထုတ် စီးပွား/ကူးသန်း ဂျာနယ်တွင် ဖြန့်ဝေပေးလျက်ရှိပါတယ်။ ထို့အပြင်တိုင်းဒေသကြီး/ ပြည်နယ်များရှိ FM ရေဒီယိုများ မှလည်းကောင်း၊ Farmer Channel မှလည်းကောင်း သတင်း ထုတ်ပြန်ပေးလျက်ရှိပါတယ်။

ဈေးကွက်သတင်းအချက်အလက်ရရှိရေးအတွက် လယ်ယာ ထွက်ကုန်သီးနှံများအလိုက် လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းများကို အခြေပြု၍ ပြည်ပပို့ကုန်သီးနှံတစ်ခုချင်းအလိုက် တွက်သားကိုက်မှုအခြေအနေကို အပတ်စဉ် ဖြန့်ဝေပေးလျက်ရှိ ပါတယ်။တိုင်းဒေသကြီး/ ပြည်နယ် များတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းအခြေအနေများကို ကုန်စည်ဒိုင်များ၊ တောင်သူများအထိ သိရှိအောင်

ဖြန့်ဝေပေးလျက်ရှိပါတယ်။ တောင်သူများအနေဖြင့် ဈေးကွက်ရသီးနှံအခြေအနေကို သိရှိနိုင်ရန်အတွက် လယ်ယာ ထွက်ကုန်တစ်မယ်ချင်းအလိုက် ပြည်ပတင်ပို့မှုအခြေအနေများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ကုန်စည်ဒိုင်များမှတစ်ဆင့်တောင်သူ များဆီသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဈေးကွက်ချိတ်ဆက်ရရှိရေး ဆောင်ရွက်ရာ၌ လယ်ယာထွက်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက် နိုင်ငံများမှ တင်သွင်းခွင့် ခွဲတမ်းများ စဉ်ဆက်မပြတ် ရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လယ်ယာ ထွက်ကုန်အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းစသည်များကို ဆောင်ရွက်လျက်ရှိပါတယ်။

အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရတို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ပါ တယ်။တောင်သူလယ်သမားများ အသုံးပြုနေသောဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မြက်သတ်ဆေး၊ ပေါင်းရှင်းဆေးတို့တွင် ဓာတုပစ္စည်း သုံးစွဲမှုကို စနစ်တကျအသုံးပြုနိုင်ရန်အတွက် စားသုံးသူရေးရာ ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ FDA အဖွဲ့များ ပူးပေါင်း၍ စိစစ် ဆောင်ရွက်လျက်ရှိပြီး စနစ်တကျသုံးစွဲနိုင်ရန်အတွက် စီမံချက် တစ်ရပ်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

တောင်သူလယ်သမားအများစု အသုံးပြုနေသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းရှင်းဆေးစသည့် ဓာတုပစ္စည်း များ အဆင့်မီ သုံးစွဲနိုင်ရန်အတွက် ဓာတ်မြေဩဇာဥပဒေ၊ ပိုးသတ် ဆေးဥပဒေများကို ထုတ်ပြန်၍ (၃)လပညာပေးကာလအဖြစ် သတ်မှတ်၍ တရားဝင်ရောင်းချသုံးစွဲရန် ကြော်ငြာထားပြီးပညာပေးကာလကုန်ဆုံးသည့် ဇွန်လကုန်မှစ၍ ဥပဒေ သတ်မှတ်ချက်နှင့် မကိုက်ညီသည့် ဆေးများကို ဥပဒေအရ အရေးယူသွားမည် ဖြစ်၍ စနစ်တကျဆေးများသုံးစွဲရန် ပြည်နယ်အစိုးရမှ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုအဆိုရှင် ဦးစိုင်းစိန်လူ ပြောသည့်ကိစ္စမှာ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်အဆင့်ကို ၂၀၀၃ ခုနှစ်မှစပြီး ဖော်ဆောင်ခဲ့သည်ဆိုတာကိုလည်း လက်ရှိမှာ အခက်အခဲများစွာရှိနေသည်ကို ကျွန်တော်တို့ အစိုးရအနေဖြင့် ဝန်ခံပါတယ်။ ဒါ့အပြင် ကျွန်တော် တို့၏ အဓိကပြဿနာက နယ်စပ်ထွက်ပေါက်ဖြစ်ပါတယ်။ နယ်စပ် ထွက်ပေါက်တွင် နယ်စပ်ကုန်သွယ်ကူးသန်းရောင်းဝယ်ရေးမှာ Open Trade ပေးဖို့ နှစ်နိုင်ငံ တရုတ်နှင့် ဆက်ဆံမှုတွေကို(၂) ကြိမ် ပြည်ထောင်စုအစိုးရနှင့် ဆွေးနွေးပြီးဖြစ်ပါတယ်။ သို့သော်လည်း အပေးအယူက Fair Trade ဖြစ်ဖို့အတွက် ညှိနှိုင်းဆောင်ရွက် ရာမှာ အခက်အခဲများစွာရှိပါတယ်။ တရားမဝင်ကုန်ကူးသန်းမှုများစွာရှိပါတယ်။ နိုင်ငံတော်၏ Trade Volume မြင့်တက်ဖို့ဆို လျှင် တရားမဝင်ကုန်သွယ်အပေါက်တွေကို စနစ်တကျပိတ်ဆို့နိုင် ရန်လိုပါတယ်။ တရားဝင်အပေါက်များဖြစ်အောင် ကုန်ကူးသန်းမှု ဖြစ်အောင် Open Trade ဖြစ်အောင် ပြည်ထောင်စုအစိုးရ ကလည်း စီမံချက်များချပြီး လက်ရှိဆောင်ရွက်နေပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်အတွင်းရှိ နယ်စပ်ကုန်ကူးသန်း ရောင်းဝယ်ရေးအပေါက်များကိုလည်း နှစ်နိုင်ငံ Open Trade တရားဝင်ကူးသန်းခြင်းနှင့် Fair Trade မျှတသော ကုန်သွယ်ရေး စနစ်များ ဖြစ်ပေါ်စေရန် ပြည်ထောင်စုအစိုးရမှလည်း စီစဉ် ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ကျွန်တော်အနေဖြင့် အဆိုရှင် ဦးစိုင်းစိန်လူ၏ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စု အစိုးရသို့ ဈေးကွက်စနစ် ပိုမိုပီပြင်လာအောင် တိုက်တွန်းဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းအဆိုကို အတည်ပြုပေးပါရန် ကျွန်တော်အနေဖြင့် လေးစားစွာ ဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော် ၏ ဆန္ဒကိုရယူမှာဖြစ်ပါတယ်။ လွှတ်တော်က ဒီအဆိုကို အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။